ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

တရားမပုံစံအမှတ် - ၆၂ ။

ဟသ်ာတခရိုင်တရားရုံး
၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်
၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၄

ဦးမျိုးကြည် နှင့် ၁။ ဦးမောင်မောင်မြင့်
၂။ ဒေါ်ခိုင်ခိုင်ဝင်း
( တရားလို ) ( တရားပြိုင်များ )

တရားလိုအတွက် - ဦးစိုးပိုင်ဦး၊ တရားလွှတ်တော်ရှေ့နေ
တရားပြိုင်များအတွက် - ဦးမြင့်နိုင်ဦး၊ တရားလွှတ်တော်ရှေ့နေ

## မတ်ပဲတန်ဖိုးငွေ ၄၇၆၇၉၆၈ကျပ်/- ရလိုမှု
## စီ ရင် ချက်

အမှုမှာ ဟသ်ာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ နတ်မော်လမ်း၊ အမှတ်(၂၅၉)နေဦးမျိုးကြည်မှ ဟသ်ာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ဦးဝိစာရလမ်းအမှတ်(၄/၅)နေ ဦးမောင်မောင်မြင့်၊ ဒေါ်ခိုင်ခိုင်ဝင်း တို့အပေါ် မတ်ပဲဘိုးငွေ ၄၇၆၇၉၆၈ကျပ်/- ရလိုမှု၊ တရားမကြီးမှုအမှတ် ၂၄/၂၀၁၆ ဖြင့်တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

တရားလို၏အဆိုလွှာအရ တရားလိုနှင့်တရားပြိုင်တို့မှာ ပဲအရောင်းအဝယ်လုပ်ငန်းကိုလွှန်ခဲ့သော (၄)နှစ်ခန့်ကစ၍ဆက်သွယ်လုပ်ကိုင်ခဲ့ကြောင်း၊ တရားလိုမှ တရားပြိုင်များထံတွင်(၄-၁၁-၂၀၁၄)ရက်နေ့တွင်မတ်ပဲအိတ်(၅၀၀)ကိုတစ်တင်းလျှင် (၁၉၅၀၀)ကျပ်ဈေးဖြင့် ၁၄၅၆၀၆၅/- အားလည်းကောင်း၊ (၅-၁-၂၀၁၅)ရက်နေ့တွင်မတ်ပဲအိတ်(၂၅၀) ကိုတစ်တင်းလျှင်(၂၃၀၀၀/-)ကျပ်ဈေးဖြင့် (၈၆၂၅၀၀၀/-)လည်းကောင်း၊စုစုပေါင်းပဲအိတ်(၇၅၀)အိတ်ကိုတရားပြိုင်များမှဝယ်ယူခဲ့ကြောင်း၊ တရားပြိုင်များမှ(၃၁-၃-၂၀၁၅) နေ့တွင်တရားလိုထံပဲအပ်ရန်ကတိပြုခဲ့ကြောင်း၊ (၃၁-၃-၂၀၁၅) နေ့တွင်မတ်ပဲပေးအပ်ခြင်းမရှိ၍ (၂၂-၇-၂၀၁၅)နေ့တွင်မတ်ပဲတစ်တင်းလျှင် ၄၂၅၀၀/-ဈေးဖြတ်ခဲ့ပြီး နှစ်ဖက်တန်ဖိုးသင့်ဈေးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တရားလိုမှတရားပြိုင်များထံမှ ပဲတန်ဖိုးငွေ ၄၇၆၇၉၆၈ကျပ်/-ရရန်ရှိခဲ့ကြောင်း၊ ပဲဘိုးငွေအားတရားပြိုင်များမှ ခေတ္တချိန်းဆိုစောင့်ယူရန်ပြောဆိုခဲ့ကြောင်း၊ (၂)လခန့်ကြာသည့်အထိတရားပြိုင်များမှပဲဘိုးငွေများအားပေးဆပ်ခြင်းမရှိကြောင်း၊ အကြိမ်ကြိမ်တောင်းခံသော်လည်းပေးဆပ်ခြင်းမရှိကြောင်း၊ တရားလိုမှတရားပြိုင်များထံရရန်ရှိသည့်ပဲအိတ်(၇၅၀)ဘိုးနှင့် ပတ်သက်၍ကုန်စည်ဒိုင်တွင်ညှိနှိုင်းပေးရန်တင်ပြခဲ့ကြောင်း၊ ကုန်စည်ဒိုင်အစည်းအဝေးတွင်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း၊ (၁)တရားပြိုင်မှတရားလိုကိုပဲအိတ်(၇၅၀) အိတ်ဘိုးနှင့်ပတ်သက်၍ပေးရန် ရှိကြောင်းတင်ပြခဲ့ကြောင်း၊ထို့နောက်တရားပြိုင်များမှပေးဆပ်ခြင်းမရှိသဖြင့် တရားလိုမှမိမိရှေ့နေမှ တဆင့်(၄-၇-၂၀၁၆)ရက်နေ့တွင် မတ်ပဲဘိုးငွေ ၄၇၆၇၉၆၈ကျပ်/-အားပေးဆပ်ရန်အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း၊ တရားပြိုင်များမှ၎င်း၏ ရှေ့နေမှတဆင့်(၈-၇-၂၀၁၆)ရက်နေ့တွင် မတ်ပဲဘိုးငွေ ၄၇၆၇၉၆၈ကျပ်/-အားပေးဆပ်ရန်တာဝန်မရှိကြောင်း အကြောင်းပြန်ကြားခဲ့၍ တရားလိုမှယခုအမှုအား တရားစွဲဆိုရကြောင်း အဆိုပြုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး
ဟသ်ာတခရိုင်တရားရုံး

တာဝန်ခံမိတ္တူမှန်

(ကျော်ထက်မိုးဦး)
အခွင့်ရအရာရှိ
ဟသ်ာတခရိုင်တရားရုံး

ရှေ့ကျော်ဘူ
အကြီးတန်းစာရေး
ဟသ်ာတခရိုင်တရားရုံး

(သင်းကြူကြူမင်း)
ခရိုင်တရားသူကြီး
ဟသ်ာတခရိုင်တရားရုံး

တရားပြိုင်များမှချေပလွှာတင်သွင်းခဲ့သည်မှာ ၂၀၁၄ ခုနှစ်က တရားပြိုင်များပွဲရုံတွင်လှောင်ပဲအိတ်(၃၀၀)ကိုဈေးဖြတ်ဝယ်ယူပြီး လှောင်ပဲအဖြစ်ထားခဲ့ကြောင်း၊ တရားလိုသည်တရားပြိုင်များထံတွင်ထားသည့်လှောင်ပဲအိတ်(၃၀၀)ကို(၄-၁၁-၂၀၁၄)နေ့တွင် ပေါက်ဈေးဖြစ်သည့်မတ်ပဲ(၁)တင်းလျှင် ၂၈၅၀၀ိ/-နှုန်းဖြင့်ဈေးဖြတ်ရောင်းချကာ ထိုနေ့တွင်မတ်ပဲအိတ်(၅၀၀)အား ထိုနေ့ပေါက်ဈေးထက် ၉၀၀ိ/-ခွာပြီး မတ်ပဲတစ်တင်းလျှင် ၁၉၅၀ိ/-နှုန်းဖြင့်ငွေ ၁၄၅၆၄၀၆၅/-အတွက် လှောင်ထားသည့်မတ်ပဲ(၃၀၀)အိတ်ရောင်းချ၍ရသည့်ငွေကိုနုတ်ပြီးလိုသည့်ငွေကိုသာထပ်ပေးကာကြိုပွဲုင့်စနစ်ဖြင့်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်ကတရားပြိုင်များထံထားသည့်လှောင်ပဲအိတ် ၂၅၀ ကိုလည်း ၅-၁-၂၀၁၅ နေ့တွင်ပေါက်ဈေးဖြစ်သည့် တစ်တင်းလျှင် ၂၉၀၀၀ိ/-နှုန်းဖြင့်ဈေးဖြတ်ရောင်းချကာ မတ်ပဲအိတ်(၂၅၀)အားထိုနေ့ပေါက်ဈေးထက်(၆၀၀ိ/-)ခွာပြီး မတ်ပဲတစ်တင်း(၂၃၀၀ိ/-)နှုန်းဖြင့်ငွေ ၈၆၂၅၀၀ိ/- လှောင်ထားသည့်မတ်ပဲ(၂၅၀)အိတ်ရောင်းချရသည့်ငွေကိုနှုတ်ပြီးလိုသည့်ငွေကိုသာထပ်ပေးကာ ကြိုပွဲုင့်စနစ်ဖြင့်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုအနေဖြင့်တရားပြိုင်များထံမှ ကြိုပွဲုင့်(ပင်ထောင်ပဲ)စနစ်ဖြင့်ဝယ်ယူခဲ့သည့်မတ်ပဲအိတ်(၇၅၀)အိတ်၏စုစုပေါင်းတန်ဘိုးသင့်ငွေမှာငွေ ၂၃၁၈၉၀၆၅/-သာရှိကြောင်း၊မတ်ပဲပေါ်သည့်(၃၁-၃-၂၀၁၅) တွင်ပေးရန်ဖြစ်ကြောင်း၊ တရားလိုမှကြိုပွဲုင့်ပင်ထောင်ပဲစနစ်ဖြင့်ဝယ်ယူခြင်းဖြစ်ရာ တရားပြိုင်များက တောရွာရှိတောင်သူများထံတွင်ပဲပေးပေး၍ကြိုတင်ဝယ်ယူစုဆောင်းခဲ့ရာ တောင်သူများက သီးနှံအထွက်မကောင်းခြင်း၊ ပဲများမထွက်ရှိ၍ ၃၁-၃-၂၀၁၅ ရက်နေ့တွင်ပဲမအပ်နိုင်ခြင်းဖြစ်ကြောင်း၊ တရားပြိုင်များမှ နှစ်ဖက်သဘောတူ၍မတ်ပဲတစ်တင်းလျှင် ၄၂၅၀ိ/-နှုန်းဖြင့်ဈေးဖြတ်ခဲ့ခြင်းမရှိကြောင်း၊ အဆိုလွှာ အဆိုပြုချက်(၂)ပါအရ ၂၃၁၈၉၀၆၅/-ဖြစ်ကြောင်း၊ တရားလိုတောင်းခံသည့် ၄၇၆၇၉၆၈၇/-မဟုတ်ပါ ကြောင်း၊ တရားလိုအပါအဝင်ပဲဘိုးပေးရန်ရှိသူများအား ဟသ္သာတကုန်စည်ဒိုင်သို့တင်ပြခဲ့ကြောင်း၊ ဟသ္သာတ ကုန်စည်ဒိုင်တွင်တရားပြိုင်များပိုင်နေအိမ်ခြံမြေအားရောင်းချပြီးခွဲဝေယူရန် အပ်နှံထားပါကြောင်း၊ တရားလိုမှ လက်မခံ၍ကုန်းစည်ဒိုင်မှဖြေရှင်းမပေးခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်တို့မှမိမိနေအိမ်ခြံမြေအားရောင်းချ၍ ခွဲဝေယူရန်ကုန်စည်ဒိုင်တွင်တင်ပြခဲ့သော်လည်း တရားလိုမှလက်မခံခဲ့ခြင်းဖြစ်ကြောင်း တရားလိုတောင်းခံ သည့်မတ်ပဲအိတ်(၇၅၀)အိတ်ဘိုးငွေ ၄၇၆၇၉၆၈၇/-အားတောင်းခံခြင်းအား တရားပြိုင်များမှ ၈-၇-၂၀၁၆ ရက်စွဲဖြင့်ပေးရန်တာဝန်မရှိကြောင်း အကြောင်းပြန်ကြားခဲ့ပြီး ဖြစ်ကြောင်း၊ မတ်ပဲအိုတ်(၇၅၀) အိတ်တန်ဘိုးငွေ ၂၃၁၈၉၀၆၅/-သာပေးရန်ရှိ၍ ၄၇၆၇၉၆၈၇/-အားပေးရန်တာဝန်မရှိကြောင်း ချေပခဲ့သည်။

တရားလို၊ တရားပြိုင်များ၏အဆို၊ အချေတို့အရငြင်းချက်(၂)ရပ်ထုတ်နုတ်ခဲ့သည်။ ယင်းငြင်းချက်များမှာ

(၁) တရားလိုဦးမျိုးကြည်သည် တရားပြိုင်များဖြစ်သော ဦးမောင်မောင်မြင့်၊ ဒေါ်ခိုင်ခိုင်ဝင်းတို့ထံမှ မတ်ပဲ (၇၅၀)အိတ်တန်ဘိုးသင့်ငွေ ၄၇၆၇၉၆၈၇/-အား ရရန်ရှိသည်မှာ မှန်သလား။

(သို့မဟုတ်)

တရားလိုဦးမျိုးကြည်သည် တရားပြိုင်များဖြစ်သော ဦးမောင်မောင်မြင့်နှင့်ဒေါ်ခိုင်ခိုင်ဝင်းတို့ထံမှမတ်ပဲ(၇၅၀)အိတ်၏တန်ဘိုးသင့်ငွေ ၂၃၁၈၉၀၆၅/-ကိုသာရရန်ရှိသည်မှာမှန်သလား။

(၂) တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်သနည်း။

တရားလိုဘက်မှစတင်စစ်ဆေးမည်။

အဆိုပါငြင်းချက်များအားထုတ်နုတ်ပြီးနောက် နှစ်ဖက်သက်သေများအားစစ်ဆေးခဲ့ရာ တရားလိုမှ အဆိုလွှာပါအတိုင်းထွက်ဆိုခဲ့သည်။တရားလိုမှတရားပြိုင်များနှင့်လွန်ခဲ့သော ၄ နှစ်ကပင်မတ်ပဲအရောင်းအဝယ်ဆက်သွယ်လုပ်ကိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မတ်ပဲအိတ် ၅၀၀ ကို တစ်တင်းလျှင် ၁၉၅၀ိ/-ဈေးနှုန်းဖြင့်ကြိုပွဲုင့်ဝယ်ယူခဲ့ကြောင်း၊ မတ်ပဲအိတ် ၅၀၀ အတွက် ၁၄၅၆၄၀၆/- ကျပ်ကိုလည်းကောင်း၊

တာဝန်ခံ ...

(ထက်ထက်ပိုးဦး)
အခွင့်ရအရာရှိ
ဟသ္သာတခရိုင်တရားရုံး

ရေးကူးသူ

အကြီးတန်းစာရေး
ဟသ္သာတခရိုင်တရားရုံး

ဟသ္သာတခရိုင်တရားရုံး

(၅-၁-၂၀၁၅)နေ့တွင် မတ်ပဲအိတ် ၂၅၀အတွက်တစ်တင်းလျှင် ၂၃၀၀ဝိ/-ဈေးနှုန်းဖြင့်ငွေ ၈၆၂၅၀၀ဝိ/- မတ်ပဲအိတ်(၇၅၀)အိတ်ကြိုပွိုင့်ဝယ်ယူခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် (၃)လပိုင်းကုန်းတွင် မတ်ပဲအိတ်များပေး ရန်မှတ်ချက်ရေးပြီး တရားပြိုင်များကပြေစာရေးသားပေးခဲ့ပြီး၊ ၄-၁၁-၂၀၁၄ ရက်နေ့ပြေစာပေါ်ရှိ လက်မှတ်မှာတရားပြိုင်ဒေါ်ခိုင်ခိုင်ဝင်းလက်မှတ်ဖြစ်ကြောင်း၊ ၅-၁-၂၀၁၅ ရက်စွဲပါပြေစာပေါ်တွင် တရားပြိုင်ဦးမောင်မောင်မြင့်မှလက်မှတ်ရေးထိုးပေးအပ်ခဲ့ကြောင်း၊ ယင်းပြေစာများကိုသက်သေခံ (က) (က-၁)အရတင်ပြပါကြောင်း၊ ၃၀-၃-၂၀၁၅ ရက်နေ့တွင်မတ်ပဲများအပြီးပေးအပ်ရန်ဖြစ်သော်လည်း ပေးအပ်ခဲ့ကြောင်း၊ ထို့ကြောင့် ၂၂-၇-၂၀၁၅ ရက်နေ့တွင် တရားလိုနှင့်တရားပြိုင်တို့ နှစ်ဖက်ဈေးဖြတ်ခဲ့ရာ တစ်တင်းလျှင် ၄၂၅၀ဝိ/-ဈေးနှုန်းဖြင့်မတ်ပဲအိတ် ၇၅၀ အတွက် ၄၇၆၇၉၆၈ဂိ/-ပေးရန်၊ ရရန်ဖြစ်ကြောင်း၊ ဈေးဖြတ်ပြီးနောက် တရားပြိုင်မှခေတ္တစောင့်ဆိုင်းရန်ပြောခဲ့ပြီး၊ မတ်ပဲဘိုးငွေများမပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်ကုန်သည့်အထိမပေးခဲ့ကြောင်း၊တရားလိုမှတရားပြိုင်များထံတွင် ရရန်ရှိသည့်ပဲအိတ်(၇၅၀)ဘိုး နှင့်ပတ်သက်၍ ကုန်စည်ဒိုင်တွင်ညှိနှိုင်းပေးရန်တင်ပြခဲ့ကြောင်း၊ တရားပြိုင်များမှပထမပဲအိတ်စာရင်းတွင် ဦးမျိုးကြည် မတ်ပဲ ၇၅၀အိတ်×၄၂၅၀ဝိ ဖော်ပြ၍စာရင်းတင်သွင်း ခဲ့ပါကြောင်း တရားပြိုင်မှ(၁-၂-၂၀၁၆) ရက်စွဲပါကုန်စည်ဒိုင်သို့ပဲကြွေးနှင့်ပဲအိတ်စာရင်းတင်ပြသည့်စာရွက်အားသက်သေခံ(ခ)အရတင်သွင်းပါ ကြောင်း၊ ၂၀၁၆ ခုနှစ်အထိပေးဆပ်ခြင်းမရှိ၍ ရှေ့နေမှတဆင့်(၄-၇-၂၀၁၆)နေ့စွဲဖြင့်မတ်ပဲဘိုးငွေ ၄၇၆၇၉၆၈ဂိ/-ပေးဆပ်ရန်အကြောင်းကြားစာပေးပို့ခဲ့ကြောင်း၊ ၎င်းအကြောင်းကြားစာအား သက်သေခံ(ဂ)အရတင်သွင်းပါကြောင်း၊ တရားပြိုင်များမှမတ်ပဲဘိုးငွေ ၄၇၆၇၉၆၈ဂိ/-အားပေးဆပ်ရန် တာဝန်မရှိကြောင်း ၎င်းတို့ရှေ့နေမှပြန်ကြားခဲ့၍ယင်းပြန်ကြားစာ(၈-၇-၂၀၁၆)ရက်စွဲပါစာအား သက်သေခံ(ဃ)အရတင်သွင်းပါကြောင်း၊ သို့ဖြစ်၍ တရားပြိုင်များမှမတ်ပဲဘိုးငွေ ၄၇၆၇၉၆၈ဂိ/- အားပြန်လည်ပေးဆပ်ခြင်းမပြု၍ တရားစွဲဆိုရပါကြောင်းထွက်ဆိုတင်ပြသည်။

(လိုပြ-၁)ဦးမောင်မောင်ထွေးမှ တရားလိုတရားပြိုင်တို့ကိုသိရှိကြောင်း၊ ၂၀၁၅ ခုနှစ်ခန့်က တရားပြိုင်များမှပေးရန်ရှိသော မတ်ပဲ(၇၅၀)အိတ်အတွက်တစ်တင်းလျှင် ၄၂၅၀ဝိ/-နှုန်းဖြတ်သည် ကိုသိရှိကြောင်း၊ နှစ်ဖက်ဈေးဖြတ်သည့်မတ်ပဲဘိုးငွေကို ဦးမောင်မောင်မြင့်မှတစ်ဖြေးဖြေးစောင့်ယူရန်ပြော သည်ကိုသိရှိကြောင်း၊ မတ်ပဲဘိုးငွေများမပေး၍တရားလိုကတရားစွဲသည်ကိုသိရှိကြောင်းထွက်ဆိုသည်။

(လိုပြ-၂)ဦးအောင်ဆန်းမှာ ဟသ်ာတကုန်စည်ဒိုင်နာယကဖြစ်ကြောင်း၊ တရားလိုဦးမျိုးကြည်က မတ်ပဲအိတ် ၇၅၀ အိတ်ရရန်ရှိကြောင်းစာရင်းကို ၄-၂-၂၀၁၆ ရက်နေ့တွင်တင်ပြခဲ့ကြောင်း၊ မတ်ပဲစာရင်း မှန်ကန်မှုရှိမရှိ တရားပြိုင်ဦးမောင်မောင်မြင့်အားမေးမြန်းရာမှန်ကန်ကြောင်း ပြောခဲ့ကြောင်း၊ တရားပြိုင် များက၎င်းတို့အိမ်ခြံမြေအားကုန်စည်ဒိုင်အားပေးအပ်၍ တရားပြိုင်များကပေး ရန်နှင့်ရရန်ရှိသူများအား အချိုးကျခွဲဝေပေးရန်ပြောသော်လည်း တရားလိုကတရားပြိုင်များအပေါ် တရားစွဲဆိုခဲ့ကြောင်းထွက်ဆို သည်။

(လိုပြ-၃)ဦးရန်ဆွေဝင်းမှာ ကုန်စည်ဒိုင်စာရေးဖြစ်ကြောင်း တရားလို၊ တရားပြိုင်တို့ကိုသိရှိကြောင်း၊ ၄-၂-၂၀၁၆ ရက်စွဲပါတရားပြိုင်များ၏ကုန်စည်ဒိုင်သို့တင်ပြချက်အရ တရားလိုအားမတ်ပဲအိတ်(၇၅၀) အိတ်ပေးရန်ရှိကြောင်း၊ ၂၂-၇-၂၀၁၅ ပေါက်ဈေးအရ ၄၃၀၀ဝိ/-ဖြစ်ပြီး၊ ၃၀-၅-၂၀၁၅ ပေါက်ဈေးအရ ၄၁၃၀ဝိ/-၊ ၄၁၄၀ဝိ/-ရှိကြောင်း၊ ကုန်စည်ဒိုင်မှတရားလို၊ တရားပြိုင်တို့အားနှစ်ဖက်ညှိနှိုင်းကြရန် ပြောခဲ့ကြောင်း၊ တရားလိုမှ မတ်ပဲအိတ်ဘိုးငွေများမရ၍ တရားစွဲဆိုသည်ကိုသိရှိကြောင်း ထွက်ဆိုသည်။

(လိုပြ-၄)ဦးသိန်းမြင့်မှာ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်း တရားလိုနှင့်မတ်ပဲအရောင်းအဝယ် ပြုလုပ်ဘူးကြောင်း၊ ကုန်စည်ဒိုင်၏ပဲဈေးနှုန်းအရဈေးအတက်အကျရှိကြောင်း၊ ၃၀-၅-၂၀၁၅ ရက်စွဲပါ ပြေစာပေါ်ရှိမိမိပွဲရုံအမည်ဖြင့် ပြေစာမူရင်းမှာ ဦးမောင်မောင်မြင့်အားမတ်ပဲရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ဈေးနှုန်းမှာတစ်တင်းလျှင် ၄၁၀၀ဝိ/-ဖြစ်၍ယင်းပြေစာကိုသက်သေခံ(င)အဖြစ်တင်သွင်းခဲ့သည်။

တရားပြိုင်ဦးမောင်မောင်မြင့်မှ လွန်ခဲ့သော(၄/၅)နှစ်ခန့်ကပင် တရားလိုဦးစိန်ဝင်းအားသိရှိခဲ့ပြီး မိမိပွဲရုံတွင်မတ်ပဲ(ပင်ထောင်)ကြိုပွိုင့်စနစ်ဖြင့်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုပွိုင့်စနစ်အရ မတ်ပဲပေးရန် မလိုသလို၊ ပွဲရုံတွင်လည်းမတ်ပဲမရှိကြောင်း၊ မိမိတို့မှတောင်သူများထံကြိုငွေထုတ်ပေးပြီးမတ်ပဲကြိုတင်ဝယ်ယူခဲ့ရကြောင်း၊ တောင်သူများထံမှမတ်ပဲရမှတရားလိုအားအကြောင်းကြားပြီးပြန်လည်အရောင်းအဝယ်လုပ်ခဲ့ကြောင်း၊ ၄-၁၁-၂၀၁၄ တွင်မတ်ပဲအိတ် ၅၀၀ ကိုထိုကာလပေါက်ဈေး ၁၉၅၀၀ိ/-ဖြင့်ရောင်းချခဲ့ပြီး မတ်ပဲအိတ် ၂၅၀ ကို ၂၃၀၀၀ိ/-ဈေးဖြင့်ဝယ်ယူခဲ့ကြောင်း၊ ၄-၁၁-၂၀၁၄ ရက်နေ့တွင်မတ်ပဲအိတ် ၅၀၀ ကို ၁၉၅၀၀ိ/-ဈေးဖြတ်၍ဝယ်ယူခဲ့ကြောင်း၊ ထိုနေ့ကအမှန်ဈေးမှာ ၂၈၅၀၀ိ/-ဖြစ်ကြောင်း ၅-၁-၂၀၁၅ ရက်နေ့တွင် မတ်ပဲအိတ် ၂၅၀ ကိုတစ်တင်းလျှင် ၂၃၀၀၀ိ/-ဈေးဖြင့်ဝယ်ယူပေးချေခဲ့ကြောင်း၊ ထိုနေ့က အမှန်ဈေးမှာ ၂၉၀၀၀ိ/-ဖြစ်ကြောင်း၊ (၃)လပိုင်းကုန်တွင်မတ်ပဲအိတ်(၇၅၀)အိတ်ပေးရန်သဘောတူခဲ့ကြောင်း၊ ထိုမတ်ပဲဘိုးများကိုကျေးလက်ဒေသရှိတောင်သူများထံငွေကြိုပေးချေဝယ်ယူခဲ့ကြောင်း တောပွဲစားများထံမှတဆင့်ဝယ်ယူရကြောင်း၊ ရာသီဥတုအပြောင်းအလဲကြောင့်ပဲအထွက်ဆိုးခြင်းတို့ဖြစ်ပေါ်၍တောင်သူများမှမိမိထံပဲမအပ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့်ဦးမျိုးကြည်အပါအဝင်အခြားသူများကိုလည်းပဲမအပ်နိုင်တော့ကြောင်း၊ တရားလိုကလည်းလာရောက်တောင်းခံခဲ့ခြင်းမရှိကြောင်း၊ မိမိတို့မှမတ်ပဲတစ်တင်းလျှင် ၄၀၅၀၀ိ/-ဈေးနှုန်းဖြင့်ဈေးဖြတ်ပေးခဲ့ခြင်းလည်းမရှိကြောင်း၊ တရားလိုကိုမတ်ပဲများကိုကာလပေါက်ဈေးဖြင့်ပြန်ပေးမည်ဟုစောင့်ခိုင်းခြင်း၊ ညှိနှိုင်းခဲ့ခြင်းမျိုးမရှိပါကြောင်း၊ ပဲအရောင်းအဝယ်လုပ်ငန်းမှာအရှုံးပေါ်ခြင်း၊ ရောင်းမှားဝယ်မှားဖြစ်ခြင်း၊ တောရွာများတွင်ကြိုတင်ဝယ်ယူထားသောမတ်ပဲများကိုရောင်းသူများထံမှ ပဲများ၊ ငွေများပြန်လည်တောင်းခံ၍မရရှိတော့သဖြင့်လုပ်ငန်းလုပ်ကိုင်ရန်အခက်အခဲများရှိ၍ တရားလိုအပါအဝင် ပေးရန်ရှိသူများစာရင်းကို ၂၀၁၆ ခုနှစ်၊ (၁)လပိုင်းတွင်ဟသ်ာတကုန်စည်ဒိုင်အဖွဲ့သို့စာရင်းတင်ပြခဲ့ကြောင်း၊ ထိုစာရင်းတွင်တရားလို၏မတ်ပဲအိတ်(၇၅၀)အိတ်နှင့်ပတ်သက်၍ မတ်ပဲဘိုး ၂၃၁၈၉၀၆၅၂/-ကိုသာတင်ပြခဲ့ပြီး၊ တရားလိုတောင်းဆိုသည့် မတ်ပဲဘိုး ၄၇၆၇၉၆၈၇/-မဟုတ်ခဲ့ကြောင်း၊ မိမိတို့က တရားလိုအပါအဝင်ပဲအိတ်များ၊ ငွေရရန်ရှိသူများကိုပေးဆပ်လို၍ မိမိတို့နေထိုင်သည့်နေအိမ်နှင့် ခြံမြေကိုရောင်းချပြီးခွဲဝေပေးရန် ပေးရမည့်သူများစာရင်း ကိုဟသ်ာတကုန်စည်ဒိုင်သို့စာရင်းတင်ပြခဲ့ကြောင်း၊ ကုန်စည်ဒိုင်မှရှင်းပေးရာတွင် တရားလိုမှလက်မခံ၍ ငွေမရခြင်းသာဖြစ်ကြောင်း၊ မိမိတို့အားတရားလို ပေးချေထားသည့်မတ်ပဲအိတ်(၇၅၀)အိတ်အားတစ်တင်းလျှင်၄၂၅၀၀ိ/-နှုန်းဖြင့်တွက်ချက်၍တောင်းခံသည့် အကြောင်းကြားစာကို ၄၂၅၀၀ိ/-ဖြင့်ဈေးဖြတ်ခဲ့ခြင်းမရှိ၍မပေးနိုင်ကြောင်း အကြောင်းပြန်ကြားခဲ့ခြင်းသာဖြစ်ကြောင်း၊ တရားလိုအပါအဝင်ပေးချေရန်ရှိသူများ ကိုအိမ်ရောင်းရငွေမှပေးဆပ်ရန် ၃၀% ပေးသော်လည်းအခြားသူများလက်ခံ၍ရသွားကြပြီး၊တရားလိုမှလက်မခံသောကြောင့်ငွေမရခြင်းသာဖြစ်ကြောင်း၊ တရားလိုမှမတ်ပဲ(ပင်ထောင်)အားကြိုတင်ဝယ် ယူငွေပေးစဉ်ကပင်ဆုံးရှုံးမှုရှိလျှင် တရားလိုဘက်တွင်တာဝန်ရှိကြောင်းပြောကြားပြီးဖြစ်ကြောင်း၊၎င်းတို့အားကုန်ပစ္စည်းမအပ်နိုင်ပါက၎င်းတို့ပေးချေထားသည့်ဝယ်ဈေးဖြင့်ဝယ်ယူထားသည့်ငွေပမာဏအတိုင်းပြန်ပေးသည့်အလေ့အထသာရှိပါကြောင်း၊ ပွဲရုံထုံးစံအတိုင်းသိရှိပြီးမှအရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ကြောင်း ထွက်ဆိုတင်ပြသည်။ တရားပြိုင်ဒေါ်ခိုင်ခိုင်ဝင်းမှ တရားပြိုင်ဦးမောင်မောင်မြင့်ထွက်ချက်အားထောက်ခံထွက်ဆို၍(၅-၁-၂၀၁၅) ရက်နေ့တွင်မတ်ပဲအိတ်(၂၅၀)အတွက်တစ်တင်းလျှင် ၂၉၀၀၀ိ/-နှုန်းဖြင့်ပြေစာအားသက်သေခံ(၁) အရလည်းကောင်း၊(၅-၁-၂၀၁၅)ရက်စွဲပါမတ်ပဲ(၂၅၀)အိတ်အတွက်တစ်တင်းလျှင်(၂၃၀၀၀)နှုန်းဖြင့်ပြေစာအားသက်သေခံ(၂)အရလည်းကောင်း၊ ၄-၁၁-၂၀၁၄ ရက်စွဲပါမတ်ပဲ ၃၀၀ အိတ်အတွက်တစ်တင်းလျှင် ၂၈၅၀၀/-နှုန်းဖြင့်ပြေစာအားသက်သေခံ(၃)အဖြစ်လည်းကောင်း၊ မတ်ပဲ(၅၀၀)အိတ်အတွက်တစ်တင်းလျှင် ၁၉၅၀၀ နှုန်းဖြင့်ပြေစာအားသက်သေခံ(၄)အဖြစ်လည်းကောင်းတင်သွင်းထွက်ဆိုသည်။

ပြိုင်ပြဦးလွင်မျိုးကျော်မှာ တရားပြိုင်ဦးမောင်မောင်မြင့်ပွဲရုံတွင်(၁၅)နှစ်ခန့်ပွဲရုံစာရေးအဖြစ်လုပ်ကိုင်ခဲ့ကြောင်း တရားလိုမှာတရားပြိုင်များပွဲရုံတွင် မတ်ပဲ(ပင်ထောင်)အားကြိုပွိုင့်ဖြင့်အရောင်းအဝယ်လုပ်သည်ကိုသိရှိကြောင်း၊ ကြိုပွိုင့်ဆိုသည်မှာမတ်ပဲမပေါ်သေးခင်သာမာန်ပေါက်ဈေးထက်လျှော့ပြီးဝယ်ယူခြင်းဖြစ်

မိတ္တူမှန်
(ထက်ထက်မိုးဦး)
အခွင့်ရအရာရှိ
ဟသ်ာတခရိုင်တရားရုံး
စာရေးကူးသူ
အကြီးတန်းစာရေး
ဟသ်ာတခရိုင်တရားရုံး

ဟသ်ာတခရိုင်တရားရုံး

ကြောင်း ပွဲရုံတွင်ပင်ထောင်ပဲလက်ခံအရောင်းအဝယ်လုပ်ထားခြင်းဖြစ်၍ပွဲရုံမှလည်းကြိုတင်ရောင်းထားသည့် အရည်အတွက်အတိုင်း တောမှပွဲစားများ၊ နယ်ပွဲရုံများ၊ တောင်သူများထံတွင်ကြိုတင်ငွေပေး၍ ပြန်လည်ဝယ်ယူရခြင်းဖြစ်ကြောင်း၊ ပဲပေါ်ချိန်(၃)လပိုင်းတွင်ပွဲရုံမှပြန်လည်ပြီး ဝယ်ယူသူထံပဲအပ်ပေးရကြောင်း၊ မတ်ပဲအိတ်(၇၅၀)အိတ် ကိုမျိုးကြည်ဝယ်ယူထားသည်ကိုသိရှိကြောင်း၊ ၄-၁၁-၂၀၁၄ နေ့တွင်မတ်ပဲအိတ် ၅၀၀ ကိုတစ်တင်းလျှင် ၁၉၅၀ဝိ/-ဖြင့်လည်းကောင်း၊ ၅-၁-၂၀၁၅ တွင်မတ်ပဲအိတ် ၂၅၀ ကိုတစ်တင်းလျှင် ၂၁၀၀ဝိ/- နှုန်းဖြင့်လည်းကောင်းဝယ်ယူထားသည်ကိုသိရှိကြောင်း၊ တရားလိုဝယ်ယူစဉ်က မတ်ပဲပွဲရုံခွဲ မရှိသေးကြောင်း တရားပြိုင်များကနယ်များတွင် တောင်သူများထံကြိုတင်ငွေပေး၍ပြန်လည်ဝယ်ယူရကြောင်း၊ ပဲပေါ်သည့်ရာသီတွင်တောင်သူများ၊ နယ်ပွဲစားများမှမပေးနိုင်သည့်အတွက် တရားပြိုင်များမှ တရားလိုအားမတ်ပဲပေးအပ်နိုင်ခြင်းမရှိသည်ကိုသိရှိကြောင်း၊ တရားလိုတောင်းခံသည့် ဈေးနှုန်းကိုလည်း တရားပြိုင်များကသတ်မှတ်ပေးခြင်းမရှိသည်ကိုသိရှိကြောင်း၊ တရားပြိုင်များကမတ်ပဲမပေးနိုင်သူများစာရင်းကိုဟသ်္သာတကုန်စည်ဒိုင်သို့တင်ပြခဲ့ရာဦးမျိုးကြည်အားမတ်ပဲအိတ်(၇၅၀)အိတ်ပေးရန်ရှိသည်ကို တင်ပြသည်ကိုသိရှိကြောင်းထွက်ဆိုတင်ပြသည်။

ပြိုင်ပြသက်သေဦးမျိုးသန်းဌေးမှ ကြံခင်းမြို့တွင်အောင်သပြေအမည်ဖြင့်ပွဲရုံဖွင့်ကြောင်း တရားပြိုင်ကိုမောင်မောင်မြင့်တို့နှင့်ပွဲရုံချင်းချိတ်ဆင်လုပ်ကိုင်ခဲ့ရာ ၂၀၁၄၊၂၀၁၅ ပဲရာသီ၌တောင်သူများထံမှပဲမရ၍ တရားပြိုင်များအရောင်းအဝယ်ပျက်ဆီးခဲ့သည်ကိုသိရှိကြောင်း၊ မိမိကိုယ်တိုင်တရားပြိုင်များပွဲရုံသို့မတ်ပဲအိတ် ၁၃၀၀ ပေးရန်ရှိခဲ့ကြောင်း၊ တောင်သူများထံမှမတ်ပဲမရ၍မပေးနိုင်ခဲ့ကြောင်း၊ တရားလိုနှင့်အခြားသူများကို တရားပြိုင်များကမတ်ပဲပေးရန်ရှိသည်ကိုသိသော်လည်း ပဲအရေအတွက်မသိရှိကြောင်းထွက်ဆိုသည်။

ပြိုင်ပြသက်သေဦးသန်းဦးမှ မြန်အောင်မြို့နယ်တွင်ပွဲရုံလုပ်ကိုင်သူဖြစ်၍တရားပြိုင်များနှင့်ပွဲရုံချင်း အချိတ်အဆက်ရှိကြောင်း၊ တရားပြိုင်များပွဲရုံအတွက်မိမိမှတောင်သူများထံမှ မတ်ပဲများဝယ်ပေးခဲ့ရကြောင်း ၂၀၁၅ ခုနှစ်(၃)လပိုင်းထွက်မည့်ပဲအတွက်ကြိုတင်ငွေပေးချေ၍တောင်သူများထံမှတစ်တင်းလျှင် ၁၈၀၀ဝိ/- နှုန်းဖြင့်ဝယ်ယူပေးရကြောင်း၊ ထိုနှစ်ကရာသီဥတုဖေါက်ပြန်၍တောင်သူများထံမှမတ်ပဲမရသဖြင့် ပွဲရုံများအနေဖြင့်ကြိုတင်ဝယ်ယူသူများထံမတ်ပဲမပေးနိုင်ခြင်းဖြစ်ကြောင်း၊ တရားလိုနှင့်တရားပြိုင်တို့ ပဲအရောင်းအဝယ်ကိစ္စကိုမသိကြောင်းထွက်ဆိုသည်။

ပြိုင်ပြသက်သေဦးတင်လတ်မှာ တရားပြိုင်များပွဲရုံတွင်ပွဲရုံလုပ်သားဖြစ်၍တရားလိုနှင့်တရားပြိုင်တို့ ပွဲရုံတွင်ပဲအရောင်းအဝ်ယပြုလုပ်သည်ကိုသိရှိကြောင်း၊ ပွဲရုံတွင်မတ်ပဲမရှိ၍ပစ္စည်းတင်ပေးရခြင်းမရှိကြောင်း၊ ကြိုတင်ရောင်းချခြင်းဖြစ်၍ မတ်ပဲပေါ်သည့်ရာသီတွင်မှ မတ်ပဲအားပေးသည့်စနစ်ဖြစ်သည်ကိုသိရှိကြောင်း တရားပြိုင်များမတ်ပဲအရောင်းအဝယ်လုပ်သည့်စာရင်းအားပြုလုပ်ထားသည်ကိုသိရှိကြောင်း၊ တရားလိုနှင့် အရောင်းအဝယ်လုပ်သည့်အရေအတွက်ကိုတော့မသိကြောင်း ထွက်ဆိုသည်။

ပြိုင်ပြသက်သေဒေါ်သန်းသန်းစိုးမှာ ဟသ်္သာတမြို့၊ ဓမ္မိရွာတွင်နေထိုင်၍တောင်သူဖြစ်ကြောင်း၊ တရားပြိုင်တို့မှာပွဲရုံလုပ်ကိုင်၍ ၂၀၁၄ မတိုင်ခင်ကပွဲရုံတွင်ပဲအရောင်းအဝယ်လုပ်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်က တရားပြိုင်များဝယ်ယူသည့်မတ်ပဲအိတ်(၂၀၀)အားရာသီဥတုဖေါက်ပြန်၍ပဲမအပ်နိုင်ခဲ့ကြောင်း၊ ယခုအချိန်ထိ မတ်ပဲအပ်နိုင်ခြင်းမရှိသေးကြောင်းထွက်ဆိုတင်ပြသည်။

အထက်ပါအတိုင်းတရားလို၊တရားပြိုင်များ၊ နှစ်ဖက်သက်သေများထွက်ဆိုချက်အရ တရားလိုမှာ တရားပြိုင်များ၏ပွဲရုံတွင်မတ်ပဲ(ပင်ထောင်)အားကြိုပွဲ့ငှ်ဖြင့်ဝယ်ယူခဲ့ကြောင်းအငြင်းမထွက်ပေ။ မတ်ပဲ(ပင်ထောင်)အားကြိုပွဲ့ငှ်ဖြင့်ဝယ်ယူရာတွင် မတ်ပဲအားအရောင်းအဝယ်ပြုလုပ်ရာတွင် မတ်ပဲပေးအပ်ရခြင်း မရှိသေးဘဲ စိုက်ပျိုးဆဲမတ်ပဲ(၃)လပိုင်းပေါ်မည့်မတ်ပဲအားကြိုတင်ဈေးဖြတ်၍အရောင်းအဝယ်လုပ်ခြင်း ဖြစ်ကြောင်း၊ တရားလိုမှတရားပြိုင်များပွဲရုံတွင်မတ်ပဲအိတ်(၇၅၀)အိတ်အားကြိုတင်ဝယ်ယူငွေပေးချေခဲ့ကြောင်း၊ မတ်ပဲအိတ်(၅၀၀)အိတ်အားတစ်တင်းလျှင် ၁၉၅၀ဝိ/-နှုန်းဖြင့် ၁၄၅၆၄၀၆၀ဝိ/အားလည်းကောင်း၊

တာဝန်ခံမိတ္တူမှန်

(တက်ထက်ပိုးဦး)
အခွင့်ရအရာရှိ
ဟသ်္သာတခရိုင်တရားရုံး

အကြီးတန်းစာရေး
ဟသ်္သာတခရိုင်တရားရုံး

ဟသ်္သာတခရိုင်တရားရုံး

မတ်ပဲ (၂၅၀)အိတ်အားတစ်တင်းလျှင်(၂၃၀၀၀ိ/-)ဖြင့် (၈၆၂၅၀၀၀ိ/-)ကိုလည်းကောင်း ကြိုတင်ငွေပေးဝယ်ယူခဲ့ကြောင်းသက်သေခံ(က)မှ(က-၁)အထိလည်းကောင်း တရားလိုမှတင်သွင်းချက်အရတွေ့မြင်ရကြောင်း၊ မတ်ပဲများအား(၃)လပိုင်းပေးရန်သဘောတူထားပြီး မတ်ပဲအိတ်များကိုတရားပြိုင်များကမပေးနိုင်၍ ပေါက်ဈေးတစ်တင်းလျှင် ၄၂၅၀၀ိ/-နှုန်းဖြင့်မတ်ပဲ(၇၅၀)အိတ်ဘိုးအတွက်တန်ဘိုးငွေ၄၇၆၇၉၆၈၇ိ/-ရရန်ရှိကြောင်း တရားလိုမှတောင်းဆိုရာတရားပြိုင်များမှရာသီဥတုဖောက်ပြန်မှုကြောင့်မိမိတို့ဝယ်ယူထား သောတောင်သူများ၊ နယ်ပွဲစားများထံမှမတ်ပဲမရ၍ အရောင်းအဝယ်ပျက်ပြားခဲ့ကြောင်း၊ ပွဲရုံထုံးစံအရ တရားလိုပေးချေထားသောငွေအတိုင်းသာပြန်ရမည်ဖြစ်ကြောင်း၊ တရားပြိုင်များမှတရားလိုထံပေးရန်ရှိသည့် မတ်ပဲအိတ်(၇၅၀)အိတ်အတွက် တစ်တင်းလျှင်(၄၂၅၀၀ိ/-)နှုန်းဖြင့်ဈေးဖြတ်ပေးခြင်းမျိုးမရှိပါကြောင်း တရားလိုအားပေးရန်ရှိသလို၊ အခြားသူများအားပေးရန်ရှိသည့်အတွက် ဟသ်ာတကုန်စည်ဒိုင်သို့တရားပြိုင်များနေအိမ်ခြံမြေရောင်းရငွေအားအပ်၍ ခွဲပေးရန်ကိုတရားလိုမှသဘောမတူ၍မပေးရခြင်းသာဖြစ်ပါကြောင်းတင်ပြခဲ့ရာ နှစ်ဖက်တင်ပြချက်များအရ တရားပြိုင်တို့မှတရားလိုအားမတ်ပဲအိတ်(၇၅၀)အိတ်ပေးရန်ရှိကြောင်းထင်ရှားပေါ်ပေါက်သည်။ တရားလိုမှမတ်ပဲ(၇၅၀)အိတ်တန်ဘိုးသင့်ငွေတစ်တင်းလျှင် ၄၂၅၀၀ိ/-နှုန်းဖြင့်ဈေးဖြတ်၍ပေးရန်သဘောတူခဲ့ကြောင်း၊ တရားပြိုင်များမှထိုသို့၄၂၅၀၀ိ/-ဈေးဖြတ်ခဲ့ခြင်းမရှိကြောင်း၊ တရားလိုထံပေးရန်ရှိသည့်အချိန်ကရာသီဥတုဖောက်ပြန်၍မတ်ပဲရောင်းမှားဝယ်မှား ဖြစ်ကြသည်ဆိုသည်မှာလည်းလက်ခံနိုင်သည့်အချက်ပင်ဖြစ်ကြောင်း၊ တရားလိုမှတရားပြိုင်ထံသို့မတ်ပဲအိတ်(၇၅၀)အိတ်ပေးရန်ရှိကြောင်း ဟသ်ာတကုန်စည်ဒိုင်သို့တင်ပြသည့်စာရင်းအရလည်းပေါ်ပေါက်သည်ကိုတွေ့ရကြောင်း၊ သို့ဖြစ်ရာတရားပြိုင်များမှတရားလိုအား မတ်ပဲအိတ်(၇၅၀)အိတ်ပေးရန်ရှိကြောင်းထင်ရှား ပေါ်ပေါက်၍တန်ဘိုးအနေဖြင့် တရားလိုတောင်းဆိုသည့်အတိုင်းမတ်ပဲတစ်တင်းလျှင်၄၂၅၀၀ိ/-နှုန်းဖြင့်ပေးဆပ်ရန်မှာ တရားပြိုင်များအတွက်ပေးဆပ်ရန်တာဝန်မရှိကြောင်း၊ တရားလိုပေးချေထားသည့်အတိုင်းပေးဆပ်ရန်သာတာဝန်ရှိကြောင်းတင်ပြချက်အပေါ်စဉ်းစားသုံးသပ်ရာတွင် တရားပြိုင်များမှမတ်ပဲ ရောင်းမှားဝယ်မှားဖြစ်၍နစ်နာကြောင်း၊ တစ်ဖက်မှတောင်သူများ၊ နယ်ပွဲစားများထံမှကြိုတင်ငွေပေးချေပြီး မတ်ပဲမရရှိသည့်အတွက် တရားလိုအားပေးဆပ်နိုင်ခြင်းမရှိကြောင်းတွေ့ရသည်။ သို့သော်တရားလိုထံမှ မတ်ပဲအိတ်(၇၅၀)အိတ်ဘိုးငွေ ၂၃၁၈၉၀၆၅၂ိ/-တရားပြိုင်များကရယူခဲ့ကြောင်းထင်ရှားပေါ်ပေါက်သည့်အတွက် တရားလိုပေးချေထားသည့်ငွေအတိုင်းပြန်လည်ပေးဆပ်ရန်တာဝန်ရှိသည်ဟု သုံးသပ်ရရှိပေသည်။

သို့ဖြစ်၍ အထက်ပါနှစ်ဖက်သက်သေခံချက်များအရ တရားလိုသည်တရားပြိုင်များ၏ပွဲရုံတွင်မတ်ပဲအိတ်(၇၅၀)အိတ်ဝယ်ယူခဲ့ကြောင်း ဝယ်ယူခဲ့သည့်မတ်ပဲအိတ်များမှာငွေကြိုပေး၍မတ်ပဲထွက်သည့်အချိန်တွင် မတ်ပဲဘိုးငွေများပြန်လည်ထုတ်ယူသည့်စနစ်ဖြင့်ကြိုပွဲငှဲဝယ်ယူခြင်းဖြစ်ကြောင်း၊ တရားလိုမှမတ်ပဲအိတ်(၇၅၀)အိတ်အတွက်စုစုပေါင်း(၂၃၁၈၉၀၆၅၂ိ/-)တရားပြိုင်များထံပေးအပ်ခဲ့ကြောင်း၊ တရားပြိုင်များမှမတ်ပဲအိတ်များကို ၃၀-၃-၂၀၁၅ ရက်နေ့တွင်ပဲအပ်ရန်ဟုဘောင်ချာရေးပြီး တရားလိုထံပေးအပ်ခဲ့ကြောင်း၊ တရားလိုမှတရားပြိုင်များနှင့်ပဲအရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း မတ်ပဲဘိုးငွေများကိုပြန်လည်ပေးအပ်နိုင်ခြင်းမရှိ၍ ၂၀၁၅ ခုနှစ်(၆)လပိုင်းတွင် နှစ်ဦးနှစ်ဖက်သဘောတူညီချက်အရမတ်ပဲတစ်တင်းလျှင် ၄၂၅၀၀ိ/-နှုန်းဖြင့်ဈေးဖြတ်ခဲ့ကြောင်းတင်ပြရာ တရားပြိုင်များမှအဆိုပါနှုန်းဖြင့်သဘောတူဈေးဖြတ်ခဲ့ခြင်းမရှိပါကြောင်း၊ ပဲအရောင်းအဝယ်လုပ်ထားသည်မှာမှန်သော်လည်း တရားပြိုင်များမှကျေးရွာတောင်သူများထံမှပဲဝယ်ရန်ပြန်လည်ပေးအပ်ခဲ့ပြီး တောင်သူများထံမှရာသီဥတုအခြေအနေအရ ပဲမထွက်ခြင်း၊ ပဲအထွက်ဆိုးခြင်းကြောင့်မတ်ပဲများအရောင်းအဝယ်ပျက်ခဲ့ရကြောင်း၊ တရားလိုကဲ့သို့ပဲဘိုးပေးအပ်ထားသူများအားမိမိတို့နေအိမ်ခြံမြေကိုရောင်းချ၍ ရောင်းချရငွေအားကုန်စည်ဒိုင်သို့အပ်နှံပြီးခွဲဝေပေးရာ တရားလိုမှထိုကဲ့သို့မယူနိုင်ကြောင်းပြော၍ငွေမဆပ်နိုင်ခြင်းသာဖြစ်၍ ငွေပေးဆပ်ရန်တာဝန်မရှိပါကြောင်းတင်ပြခဲ့သည်။ သို့သော် တရားလို၊ တရားပြိုင်တို့မှာ မတ်ပဲအိတ်(၇၅၀)အိတ်ဘိုးငွေ(၂၃၁၈၉၀၆၅၂ိ/-)ပေး၍ တရားပြိုင်များမှလည်း လက်ခံခဲ့ကြောင်း သက်သေခံ(က)(က-၁)တို့အရ ထင်ရှားနေပေသည်။ ပဲအရောင်းအဝယ်

တာဝန်ခံမိတ္တူမှန်

(ထက်ထက်ပိုးဦး)
အခွင့်ရအရာရှိ
ဟသ်ာတခရိုင်တရားရုံး

စာရေးကူးသူ

အကြီးတန်းစာရေး
ဟသ်ာတခရိုင်တရားရုံး

ဟသ်ာတခရိုင်တရားရုံး

ပျက်ဆီးသွား၍တရားလို၏ပေးအပ်ထားသောငွေပြန်လည်မဆပ်နိုင်ခြင်းအားလက်ခံရန်အကြောင်းမရှိပေ။

ထို့ကြောင့် တရားလိုဦးမျိုးကြည်သည် တရားပြိုင်များဖြစ်ကြသော ဦးမောင်မောင်မြင့်၊ဒေါ်ခိုင်ခိုင်ဝင်းတို့ထံမှမတ်ပဲအိတ်(၇၅၀)အိတ်၏တန်ဖိုးသင့်ငွေ(၄၇၆၇၉၆၈၇/-)အားရရန်ရှိသည်မှာ မှန်သလားဆိုသောငြင်းချက်အား မမှန်ပါဟုဖြေကြား၍ တရားလိုဦးစိန်ဝင်းသည် တရားပြိုင်များဖြစ်ကြသော ဦးမောင်မောင်မြင့်နှင့် ဒေါ်ခိုင်ခိုင်ဝင်းတို့ထံမှ မတ်ပဲ(၇၅၀)အိတ်၏တန်ဖိုးသင့်ငွေ( ၂၃၁၈၉၀၆၅/-)ကိုရရန်ရှိသည်မှာ မှန်သလားဆိုသောငြင်းချက်အား မှန်ကြောင်းဖြေကြားလိုက်သည်။

အထက်ပါငြင်းချက်အားဖြေကြားပြီးဖြစ်၍ ငြင်းချက်အမှတ်(၂)ဖြစ်သည့် တရားလိုသည် တရားပြိုင်များထံမှ မတ်ပဲအိတ်(၇၅၀)အိတ်တန်ဖိုးငွေ(၂၃၁၈၉၀၆၅/-)ရထိုက်ကြောင်း အနိုင်ဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ် ၁၀၀၀၀/- သတ်မှတ်သည်။

(ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တရားရုံး)

[illegible]

[illegible]

တာဝန်ခံမိတ္တူမှန်

၇.၆.၁၉

( ထက်ထက်ပိုးဦး )
အခွင့်ရအရာရှိ
ဟသ်ာ[illegible]ရှိင်တရားရုံး

စစ်ဆေးသူ

အကြီးတန်းစာရေး
ဟင်္သာတခရိုင်တရားရုံး